# IDEA အထူး ပညာရေးဆိုင်ရာ ဖြေရှင်းမှု အစည်းအဝေးများ

## (အသက် 3 နှစ်မှ 21 နှစ်အရွယ်) ကလေးငယ်များနှင့် လူငယ်များ၏ မိဘများအတွက် လမ်းညွှန်ချက်

ဤစာအုပ်သည် IDEA (မသန်စွမ်းသူများဆိုင်ရာ ပညာရေး အက်ဥပဒေ) အငြင်းပွားမှု ဖြေရှင်းရေးနည်းလမ်းများ အကြောင်း စာအုပ်တွဲ၏ အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။ ဤစာအုပ်တွဲထဲရှိ မိဘ လမ်းညွှန်ချက်များတွင် ပါဝင်သည်များမှာ-

IDEA အထူး ပညာရေးဆိုင်ရာ ကြားဝင် ညှိနှိုင်းခြင်း
IDEA အထူးပညာရေးဆိုင်ရာ နိုင်ငံတော် ဥပဒေများကို ချိုးဖောက်နေကြောင်း စာဖြင့်ရေးသား တိုင်ကြားချက်များ IDEA အထူးပညာရေးဆိုင်ရာ မျှတစွာ ဆက်ဆံပိုင်ခွင့်နှင့်ပတ်သက်သည့် တိုင်ကြားချက်များ/ကြားနာစစ်ဆေးပေးရန် တောင်းဆိုချက်များ
IDEA အထူး ပညာရေးဆိုင်ရာ ဖြေရှင်းမှု အစည်းအဝေးများ

CADRE
Center for Appropriate Dispute Resolution in Special Education

IDEAs that Work
Office of Special Education Programs
U.S. Department of Education

*ဤစာအုပ်တွင် IDEA ၏ အပိုင်း ခ အတွက် ဖြေရှင်းမှု အစည်းအဝေးများအကြောင်း ယေဘုယျအားဖြင့် ဖော်ပြထားပါသည်။ ၎င်းသည် ဖက်ဒရယ် သို့မဟုတ် နိုင်ငံတော် ဥပဒေအရ လုပ်ထုံးလုပ်နည်းဆိုင်ရာ ကာကွယ်ရေး နည်းလမ်းများ သို့မဟုတ် သတ်မှတ်ချက်များကို အဓိပ္ပါယ် ပြန်ဆိုရန်၊ ပြင်ဆင်မွမ်းမံရန် သို့မဟုတ် အစားထိုးရန် ရည်ရွယ်ထားခြင်း မဟုတ်ပါ။*

## ဖြေရှင်းမှု အစည်းအဝေးဆိုတာ ဘာလဲ။

ဖြေရှင်းမှု အစည်းအဝေးသည် မိဘတစ်ဦးက မျှတစွာ ဆက်ဆံခံရပိုင်ခွင့်ဆိုင်ရာ တိုင်ကြားချက်ကို တင်သွင်းပြီးနောက် ဖြစ်ပွားသည့် အငြင်းပွားမှု ဖြေရှင်းရေး လုပ်ဆောင်ချက်တစ်ခုဖြစ်သည်။ ဖြေရှင်းမှု အစည်းအဝေးများသည် မျှတစွာ ဆက်ဆံခံရပိုင်ခွင့်ဆိုင်ရာ ကြားနာခြင်း မပြုလုပ်မီ ပြဿနာများကို ဖြေရှင်းခွင့်ရရှိရန် မိဘများနှင့် ခရိုင်ကျောင်းရုံးများအား ပံ့ပိုးပေးခြင်းဖြစ်သည်။

- ပါဝင်သူများတွင် မိဘ၊ ကျောင်း၏ကိုယ်စား ဆုံးဖြတ်ချက်များ ချနိုင်သော ခရိုင်ကျောင်းရုံးမှ တစ်စုံတစ်ဦးနှင့် မျှတစွာ ဆက်ဆံခံရပိုင်ခွင့်ဆိုင်ရာ တိုင်ကြားချက်တွင် ဖော်ပြထားသည့် အချက်အလက်များနှင့် ပတ်သက်၍ ကောင်းစွာသိရှိထားသော တစ်ဦးချင်းအလိုက် ပညာရေး အစီအစဉ် (**IEP**) ၏ အဖွဲ့ဝင်များ ပါဝင်သည်။ မိဘတစ်ဦးသည် အကျိုးဆောင် ကိုယ်စားလှယ်၊ ရှေ့နေ သို့မဟုတ် အခြား ပံ့ပိုးပေးမည့်သူကို ခေါ်ဆောင်လာရန်လည်း ရွေးချယ်နိုင်ပါသည်။
- ဖြေရှင်းမှု အစည်းအဝေးကို တက်ရောက်သင့်သည့် **IEP** အဖွဲ့ဝင်များကို မိဘနှင့် ခရိုင်ကျောင်းက အတူတကွ ဆုံးဖြတ်ပါသည်။
- အငြင်းပွားမှုများကို ဖြေရှင်းရန် အတူတကွ လုပ်ဆောင်ခြင်းဖြင့် ကုန်ကျစရိတ်များပြီး ဆက်ဆံရေးများအပေါ် ဆိုးရွားစွာ သက်ရောက်မှု ရှိနိုင်သည့် မျှတစွာ ဆက်ဆံခံရပိုင်ခွင့်ဆိုင်ရာ ကြားနာမှု ပြုလုပ်ရန် လိုအပ်ချက်ကို တားဆီးပေးနိုင်သည်။

မိဘနှင့် ခရိုင်ကျောင်းရုံးက တောင်းဆိုသောအခါ ဖြေရှင်းမှု အစည်းအဝေးများအတွက် စီစဉ်ဆောင်ရွက်ပေးသူများကို ပြည်နယ်အချို့က ပံ့ပိုးပေးနိုင်သည်။ ဖြေရှင်းမှု အစည်းအဝေးများအတွက် စီစဉ်ဆောင်ရွက်ပေးသူများကို ရရှိနိုင်အောင် လုပ်ဆောင်ပေးမည်ဟု **IDEA** တွင် သတ်မှတ်ထားခြင်း မရှိပါ။

ဆက်သွယ်ပြောဆိုမှုများတွင် တစ်စုံတစ်ဦးက ကူညီပေးခြင်းသည် ကောင်းမွန်သည်ဟု သင် ယူဆပါက ဖြေရှင်းမှု အစည်းအဝေး ပြုလုပ်မည့်အစား ကြားဝင် ညှိနှိုင်းခြင်းကို ပြုလုပ်ရန် အကြံပေးနိုင်ပါသည်။ နောက်ထပ် အချက်အလက်အတွက် ***IDEA* *အထူး ပညာရေးဆိုင်ရာ ကြားဝင်ညှိနှိုင်းခြင်း*ကို** ကြည့်ပါ။

## ဖြေရှင်းမှု အစည်းအဝေးက ဘယ်လို ဖြစ်ပွားသလဲ။

- ခရိုင်ကျောင်းရုံးသည် မိဘတစ်ဦး၏ မျှတစွာ ဆက်ဆံခံရပိုင်ခွင့်ဆိုင်ရာ တိုင်ကြားချက် အကြောင်းကြားစာကို လက်ခံရရှိသည့် ပြက္ခဒိန်ရက် **15** ရက်အတွင်း ဖြေရှင်းမှု အစည်းအဝေးကို ကျင်းပရပါမည်။
- မိဘနှင့် ခရိုင်ကျောင်းရုံး နှစ်ဖက်စလုံးက အစည်းအဝေး မလုပ်ဆောင်ရန် စာဖြင့်ရေးသား၍ သဘောတူခြင်း မရှိပါက သို့မဟုတ် ကြားဝင်ညှိနှိုင်းမှု လုပ်ဆောင်ချက်ကို အသုံးပြုရန် သဘောတူခြင်း မရှိပါက အစည်းအဝေးကို လုပ်ဆောင်ရပါမည်။

IDEA အငြင်းပွားမှု ဖြေရှင်းရေး လုပ်ဆောင်ချက်များဖြင့် ဆက်စပ်နေသည့် ပြည်နယ်စည်းမျဉ်းများသည် များစွာကွဲပြားမှုရှိပါသည်။

နောက်ထပ် အချက်အလက်အတွက် ၎င်းတို့၏ ပြည်နယ်ပညာရေး အေဂျင်စီ သို့မဟုတ် မိဘစင်တာထံ ဆက်သွယ်ရန် မိဘများနှင့် မိသားစုဝင်များကို တိုက်တွန်းပါသည်။

## ဖြေရှင်းမှု အစည်းအဝေးများ၏ အကျိုးကျေးဇူးများ

- ဖြေရှင်းမှု အစည်းအဝေးများသည် သင်နှင့် သင့်ကလေး တက်ရောက်နေသည့်ကျောင်းကြား ပြောဆိုဆက်သွယ်နိုင်ရန်နှင့် ဆက်ဆံရေး တိုးတက်လာစေရန်အတွက် အရေးကြီးသည့် အခွင့်အရေးတစ်ရပ်ဖြစ်သည်။ မျှတစွာ ဆက်ဆံခံရပိုင်ခွင့်ဆိုင်ရာ ကြားနာမှု မလုပ်ဆောင်မီ ၎င်းတို့သည် ပြဿနာများကို အတူတကွ ကိုင်တွယ်ဖြေရှင်းနိုင်သည့် အခွင့်အရေးကို ပံ့ပိုးပေးသည်။
- ဖြေရှင်းမှု အစည်းအဝေးသည် သင်နှင့် ကျောင်းမှ ချမှတ်လိုက်သော ဆုံးဖြတ်ချက်ကို ထိန်းသိမ်းထားပါသည်။ မျှတစွာ ဆက်ဆံခံရပိုင်ခွင့်ဆိုင်ရာ ကြားနာမှုတွင် သင့်ကလေးအကြောင်းကို မသိရှိသော ကြားနာမှု အရာရှိတစ်ဦးက အငြင်းပွားမှုကို မည်သို့ဖြေရှင်းရမည်ကို ဆုံးဖြတ်ပါသည်။
- အစည်းအဝေးတွင် ခရိုင်ကျောင်းရုံး၏ကိုယ်စား ဆုံးဖြတ်ချက်များ ချမှတ်နိုင်သည့် တစ်စုံတစ်ယောက် ရှိမည်ဖြစ်သည်။

## ဖြေရှင်းမှု အစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်ရန် အသုံးဝင်သော အကြံပြုချက်များ

- ပြဿနာများကို သင်မြင်သည့်အတိုင်း ဖော်ထုတ်သတ်မှတ်ပါ၊ သင့်ကလေး၏ လိုအပ်ချက်များကို ခံစားမိသည့်အတိုင်း အကြမ်းဖျဉ်း ဖော်ပြပြီး သင့်တွင် ရှိသော အကြံဉာဏ်အချို့ဖြင့် ထိရောက်ကြောင်း သက်သေပြထားသော လက်တွေ့ဆော င်ရွက်ချက်များ အပါအဝင် ဖြစ်နိုင်ခြေရှိသော ဖြေရှင်းနည်းများကို ဖန်တီးပါ။
- သင့်စာရွက်စာတမ်းများကို စနစ်တကျ စီစဉ်ပြီး ၎င်းတို့အပေါ်တွင် ရက်စွဲများနှင့် မှတ်စုများကို ရေးထားပါ သင့်သဘောထားကို ပံ့ပိုးပေးသည့် အခြားအချက်အလ က်များနှင့်အတူ ၎င်းတို့ကို အစည်းအဝေးသို့ ယူလာပါ။
- ဖြေရှင်းမှု အစည်းအဝေးတွင် သင်ပြောလိုသည့်အရာများကို မိသားစုဝင် တစ်ယောက်၊ သူငယ်ချင်း သို့မဟုတ် အကျိုးဆောင်ကိုယ်စားလှယ်နှင့်အတူ လေ့ကျင့်ပါ။
- ကျောင်းမှ မေးလာနိုင်သည့် မေးခွန်းအချို့ကို စဉ်းစားကြည့်ပြီး သင်၏ ဖြစ်နိုင်ခြေရှိသော အဖြေများကို ရေးချထားပါ။
- အစည်းအဝေးအတွင်း (သင်နှင့် အခြားသူများ၏) စိတ်ခံစားမှုများကို ကိုင်တွယ်ဖြေရှင်းရန် သင့်အစီအစဉ်ကို စဉ်းစားပါ။
- အစည်းအဝေးတွင် လူတိုင်း တစ်ဦးနှင့်တစ်ဦး ဂရုတစိုက် နားထောင်ပြီး အပြန်အလှန် လေးစားပါက သဘောတူညီချက် ရရှိနိုင်ခြေ ပိုများပါသည်။

## ဖြေရှင်းမှု အစည်းအဝေးများအကြောင်း မကြာခဏ မေးလေ့ရှိသော မေးခွန်းများ

*ဖြေရှင်းမှု အစည်းအဝေးများတွင် ဘာတွေဖြစ်ပွားသလဲ။*

သင်၏ မှူတစ္စာ ဆက်ဆံခံရပိုင်ခွင့်ဆိုင်ရာ တိုင်ကြားချက်ရှိ စိုးရိမ်ပူပန်များကို ဖြေရှင်းရန် နည်းလမ်းများ အပါအဝင် အဆိုပါ စိုးရိမ်ပူပန်မှုများကို ဆွေးနွေးရန် အခွင့်အရေးကို သင် ရရှိပါမည်ဖြစ်သည်။

*ဖရှင်းမှု အစည်းအဝေးကို ကျောင်းပိတ်ရက်တွင် ပြုလုပ်ရန် စီစဉ်နိုင်ပါသလား။*

ရှိပါသည်။ ကျောင်းဖွင့်သည်ဖြစ်စေ၊ ပိတ်သည်ဖြစ်စေ မှူတစ္စာ ဆက်ဆံခံရပိုင်ခွင့်နှင့်ပ တ်သက်သော တိုင်ကြားချက် အကြောင်းကြားစာကို လက်ခံ ရရှိပြီး <u>ပြက္ခဒိန်ရက်</u> **15** ရက်အတွင်း ဖြေရှင်းမှု အစည်းအဝေးကို ကျောင်းက စီစဉ်ပေးရပါမည်။

*စီစဉ်သတ်မှတ်ထားသည့်အချိန်တွင် ဖြေရှင်းမှု အစည်းအဝေးကို ကျွန်ုပ် မတက်ရောက်နိုင်လျှင် ဘာဖြစ်မလဲ။*

ပါဝင်သူတိုင်း တက်ရောက်နိုင်သည့် အစည်းအဝေးတစ်ခုကို စီစဉ်ရန် ခရိုင်ကျောင်းရုံးက ကြိုးစား အားထုတ်ရပါမည်။ အစည်းအဝေးသို့ သင်ကိုယ်တိုင် မတက်ရောက်နိုင်လျှင်

ခရိုင်ကျောင်းရုံးက ဗီဒီယိုဖြင့် စုံညီပြောဆိုမှု သို့မဟုတ် ဖုန်းဖြင့် စုံညီတွေ့ဆုံ ပြောဆိုခြင်းတွင် ပါဝင်ရန် နည်းလမ်းတစ်ခုကို သင့်အား ပံ့ပိုးပေးနိုင်ပါသည်။

*ဖြေရှင်းမှု အစည်းအဝေးတွင် ကျွန်ုပ် မပါဝင်လိုလျှင် မည်သို့ လုပ်ဆောင်ရမလဲ။*

သင်နှင့် ခရိုင်ကျောင်းတို့က ဖြေရှင်းမှု အစည်းအဝေး မပြုလုပ်ရန် သို့မဟုတ် ကြားဝင် ညှိနှိုင်းခြင်းကို အသုံးပြုရန် သဘောမတူထားလျှင် ဖြေရှင်းမှု အစည်းအဝေးတွင် ပါဝင်ရန် သင့်အတွက် အလွန် အရေးကြီးပါသည်။ သင် မပါဝင်လျှင် မျှတစွာ ဆက်ဆံခံရပိုင်ခွင့်အတွက် တိုင်ကြားချက်ကို ပယ်ချပြီး ကြားနာစစ်ဆေးမှုကို ဖျက်သိမ်းရန် ခရိုင်ကျောင်းရုံးက ကြားနာစစ်ဆေးရေး အရာရှိကို တောင်းဆိုနိုင်ပါသည်။

*ကျောင်းက ဖြေရှင်းမှု အစည်းအဝေးအတွက် အချိန်မစီစဉ်ပေးလျှင် မည်သို့ လုပ်ဆောင်ရမလဲ။*

ခရိုင်ကျောင်းက သတ်မှတ် အချိန်အတွင်း ဖြေရှင်းမှု အစည်းအဝေးကို စီစဉ်ပေးရန် ပျက်ကွက်လျှင် ကြားနာစစ်ဆေးမှုကို စီစဉ်ပေးရန် သင်က မျှတစွာ ဆက်ဆံခံရပိုင်ခွင့်အတွက် ကြားနာစစ်ဆေးရေး အရာရှိထံ တောင်းဆိုနိုင်ပါသည်။ နောက်ထပ် အချက်အလက်များကို သိရှိရန် ***IDEA*** *အထူးပညာရေးအတွက် မျှတစွာ ဆက်ဆံခံရပိုင်ခွင့်နှင့် ပတ်သက်သည့် တိုင်ကြားချက်များ/ကြားနာစစ်ဆေးပေးရန်* တောင်းဆိုချက်များကို ကြည့်ပါ။

*ဖရှင်းမှု အစည်းအဝေးတွင် ဆွေးနွေးပြောဆိုမှုများကို လျှို့ဝှက်ထားမည်လား။*

၎င်းတို့ကို လျှို့ဝှက်ထားရန် သင်နှင့် ခရိုင်ကျောင်းရုံးအကြား သဘောတူထားခြင်း မရှိလျှင် လျှို့ဝှက်ထားရန် မလိုပါ။ လျှို့ဝှက်ထားခြင်းသည် သင်နှင့် ခရိုင်ကျောင်းရုံးအတွက် အရေးကြီးလျှင် သင်သည် လျှို့ဝှက်ထားရှိရေး သဘောတူညီချက်ကို လက်မှတ်ထိုးနိုင်သည် သို့မဟုတ် ၎င်းအချက်ကို သင်၏ ဖြေရှင်းခြင်း သဘောတူညီချက်ထဲတွင် ထည့်သွင်းနိုင်ပါသည်။ ဖြေရှင်းမှု အစည်းအဝေးတွင် ပါဝင်နိုင်ရန် သင်သည် လျှို့ဝှက်ထားရှိရေး သဘောတူညီချက်ကို မဖြစ်မနေ လက်မှတ်ထိုးရန် မလိုပါ။

*ရှေ့နေများက ဖြေရှင်းမှု အစည်းအဝေးကို တက်ရောက်နိုင်ပါသလား။*

မိဘက ရှေ့နေတစ်ဦး ခေါ်ယူရန် ရွေးချယ်ထားလျှင် ခရိုင်ကျောင်းရုံးက ဖြေရှင်းမှု အစည်းအဝေးသို့ ရှေ့နေတစ်ဦးကိုသာ ခေါ်ဆောင်လာနိုင်ပါသည်။

*အကယ်၍ ကျွန်ုပ်က စကားပြန်တစ်ဦး လိုအပ်ပါက ဘာလုပ်ရမလဲ။*

သင်သည် ဖြေရှင်းမှု အစည်းအဝေးနှင့် လုပ်ငန်းစဉ်ကို နားလည်ပြီး အပြည့်အဝ ပါဝင်နိုင်ရန် အရေးကြီးပါသည်။ သင်က စကားပြန်တစ်ဦး လိုအပ်ကြောင်း ပါဝင်သည့်လူတိုင်းကို အသိပေးပါ။ နောက်ထပ် အချက်အလက်များကို သိရှိလိုပါက သင်၏ ပြည်နယ် ပညာရေး အေဂျင်စီ (**SEA**) ထံ ဆက်သွယ်ပါ။

*ကျောင်းက ဤသဘောတူညီချက်အတိုင်း လိုက်နာ လုပ်ဆောင်ခြင်း ရှိ၊ မရှိ ကျွန်ုပ် မည်သို့ သိနိုင်ပါသလဲ။*

မိသားစုများနှင့် ကျောင်းများ အတူတကွ ညှိနှိုင်းဆွေးနွေးပြီး ရရှိသော သဘောတူညီချက်များကို အများအားဖြင့် လိုက်နာဆောင်ရွက်နိုင်ခြေ များပါသည်။ မိဘနှင့် ခရိုင်ကျောင်းရုံး နှစ်ဖက်စလုံး လက်မှတ်ရေးထိုးပြီး စာဖြင့်ရေးသားထားသော ဖြေရှင်းခြင်း သဘောတူညီချက်များကို

တရားဝင်ဖြစ်စေရန် **SEA** က တရားရုံးနှင့် ပြည်နယ်အချို့တွင် သတ်မှတ် ပြဋ္ဌာန်းနိုင်သည်။

*ဖရှင်းမှု အစည်းအဝေး ပြီးဆုံးပြီးနောက် သဘောတူညီချက်နှင့်ပတ်သက်ပြီး ကျွန်ုပ် စိတ်ပြောင်းသွားလျှင် ဘာလုပ်ရမလဲ။*

မိဘများ သို့မဟုတ် ခရိုင်ကျောင်းရုံးများသည် သဘောတူညီချက်ကို လက်မှတ်ထိုးပြီး ရုံးဖွင့်ရက် **3** <u>ရက်အတွင်း</u> ဖြေရှင်းခြင်း သဘောတူညီချက်ကို ပယ်ဖျက်နိုင်ပါသည်။

*ဖရှင်းမှု အစည်းအဝေးအတွင်း သဘောတူညီချက် မရရှိလျှင် ကျွန်ုပ် ဘာလုပ်ရမလဲ။*

ဖြေရှင်းမှု အစည်းအဝေးပြီးဆုံးပြီးနောက် သင်နှင့် ခရိုင်ကျောင်းရုံးသည် ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်နိုင်သည်။ အငြင်းပွားမှုကို ဖြေရှင်းပြီး သဘောတူညီချက် ရရှိအောင် ဆက်လက်၍ ဆောင်ရွက်နိုင်သည်။

- အငြင်းပွားမှုကို ဖြေရှင်းရန်အတွက် အချိန်ထပ်တိုးပေးရန် ကြားနာစစ်ဆေးရေး အရာရှိကို သင် တောင်းဆိုနိုင်သည်။
- သင်နှင့် ကျောင်းအကြား ဆက်သွယ်ပြောဆိုမှုများ အဆင်ပြေအောင် ကူညီပေးမည့် ကြားဝင် ညှိနှိုင်းပေးသူပါဝင်မည့် ကြားဝင် ညှိနှိုင်းခြင်းကိုလည်း လုပ်ဆောင်ကြည့်နိုင်သည်။
- မျှတစွာ ဆက်ဆံခံရပိုင်ခွင့်အတွက် တိုင်ကြားချက်ကို တင်သွင်းပြီး <u>ပြက္ခဒိန်ရက်</u> **30** အတွင်း သင်နှင့် ကျောင်းအကြား သဘောတူညီချက် မရသေးလျှင် သင်သည် မျှတစွာ ဆက်ဆံခံရပိုင်ခွင့်အတွက် ကြားနာစစ်ဆေးမှုပြုလုပ်ရန် ဆက်လက် ဆောင်ရွက်နိုင်သည်။

*ဖြေရှင်းမှု အစည်းအဝေးအတွက် မည်သူက ငွေပေးချေသလဲ။*

မိဘများအတွက် မည်သည့်ကုန်ကျစရိတ်မျှ မရှိပါ။ သင်က ရှေ့နေ မငှားလျှင် သင့်အတွက် တစ်ခုတည်းသော ကုန်ကျမှုမှာ ထိုလုပ်ငန်းစဉ်အတွက် ကြိုတင်ပြင်ဆင်ပြီး ပါဝင်ဆောင်ရွက်သည့် အချိန်သာ ဖြစ်ပါသည်။

**IDEA** အောက်တွင် ရရှိနိုင်သော အထူးပညာရေး
အငြင်းပွားမှုများကို ဖြေရှင်းခြင်းနှင့်
အငြင်းပွားမှု ဖြေရှင်းရန် ရွေးချယ်စရာ နည်းလမ်းများနှင့်
ပတ်သက်သော နောက်ထပ် အချက်အလက်များအတွက်
**CADRE** ဝဘ်ဆိုက်သို့ သွားပါ-
<u>cadreworks.org</u>

## ဖြေရှင်းမှု အစည်းအဝေးများနှင့်ပတ်သက်ပြီး ထည့်သွင်းစဉ်းစားရမည့် အရေးကြီးသည့် အချက်များ

- ဖြေရှင်းမှု အစည်းအဝေးတွင် ပါဝင်ခြင်းအပြင် အစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်ရခြင်းသည် စိတ်ပိုင်းဆိုင်ရာအရရော၊ ခံစားချက်ပိုင်းအရပါ ခက်ခဲနိုင်ပါသည်။ အစည်းအဝေးမတိုင်မီ အချိန်ယူ၍ ကြိုတင်ပြင်ဆင်ခြင်းသည် အလွန် အကျိုးဖြစ်ထွန်းစေပြီး သဘောတူညီချက် ရရှိနိုင်ခြေကို မြင့်တက်စေနိုင်ပါသည်။
- ခရိုင်ကျောင်းရုံးနှင့် ဆက်သွယ်ခြင်းသည် သင့်အတွက် ခက်ခဲနေလျှင် ဖြေရှင်းမှု အစည်းအဝေးတွင် ပြင်ပမှ ဖြစ်မြောက်အောင် စီစဉ်ဆောင်ရွက်ပေးသူတစ်ဦးက ကူညီပေးနိုင်ခြင်း ရှိ၊ မရှိ မေးမြန်းပါ သို့မဟုတ် ဖြေရှင်းမှု အစည်းအဝေးအစား ကြားဝင်ညှိနှိုင်းခြင်းကို လုပ်ဆောင်ကြည့်ရန် အကြံပြုပါ။
- သဘောတူညီချက် ရရှိလိမ့်မည်ဟု အာမခံခြင်း မရှိပါ။
- သင်နှင့် ခရိုင်ကျောင်းရုံးအကြား လျှို့ဝှက်ထားမည်ဟု သဘောမတူထားလျှင် ဖြေရှင်းမှု အစည်းအဝေးများအတွင်း ပြောဆိုဆွေးနွေးသည့် အကြောင်းအရာအားလုံးကို လျှို့ဝှက်ထားမည် မဟုတ်ပါ။

## အရေးကြီး အချက်အလက်များ၏ ရင်းမြစ်များ

နိုင်ငံအတွင်း မိဘစင်တာအားလုံး၏ လက်ရှိစာရင်းကို မိဘ အချက်အလက်နှင့် ရင်းမြစ်များဆိုင်ရာ စင်တာ **(Center for Parent Information and Resources, CPIR)**- [parentcenterhub.org/find-your-center](parentcenterhub.org/find-your-center) မှတစ်ဆင့် ရရှိနိုင်သည် သို့မဟုတ် **(973) 642-8100** ထံ ဖုန်းခေါ်ဆိုပါ

အထူးပညာရေးအတွက် သင့်လျော်သောနည်းလမ်းဖြင့် အငြင်းပွားမှု ဖြေရှင်းပေးရေး စင်တာ **(Center for Appropriate Dispute Resolution in Special Education, CADRE)** သည် အငြင်းပွားမှု ဖြေရှင်းခြင်းဆိုင်ရာ အမျိုးသား နည်းပညာ အကူအညီစင်တာဖြစ်သည်- [cadreworks.org](cadreworks.org) သို့မဟုတ် **(541) 686-5060** သို့ ဖုန်းခေါ်ဆိုပါ

မသန်စွမ်းသူများ၏ ပညာရေးအက်ဥပဒေနှင့်ပတ်သက်သော အချက်အလက်များ **(Individuals with Disabilities Education Act, IDEA)** ကို အွန်လိုင်း- [https://sites.ed.gov/idea/](https://sites.ed.gov/idea/) တွင် ရရှိနိုင်သည်

Center for Parent Information and Resources

CADRE Center for Appropriate Dispute Resolution in Special Education

IDEAs that Work
Office of Special Education Programs
U.S. Department of Education

## သင့်ဒေသရှိ မိဘစင်တာကို ရှာဖွေရန် ဆက်သွယ်ရမည့် လိပ်စာမှာ-

**ဒေသ 1 မိဘ TA စင်တာ**
NJ Statewide Parent Advocacy Network
35 Halsey St., 4th Floor
Newark, NJ 07102
ဖုန်း- (973) 642-8100 ဖက်စ်- (973) 642-8080
ဝဘ်ဆိုက်- spanadvocacy.org

**ဒေသ 2 မိဘ TA စင်တာ**
Exceptional Children's Assistance Center
907 Barra Row, Suites 102/103
Davidson, NC 28036
ဖုန်း- (704) 892-1321 ဖက်စ်- (704) 892-5028
ဝဘ်ဆိုက်- ecac-parentcenter.org

**ဒေသ 3 မိဘ TA စင်တာ**
Parent to Parent of Georgia
3070 Presidential Pkwy, Suite 130
Atlanta, GA 30340
ဖုန်း- (800) 229-2038 ဖက်စ်- (770) 458-4091
ဝဘ်ဆိုက်- p2pga.org

**ဒေသ 4 မိဘ TA စင်တာ**
WI FACETS
600 W. Virginia St., Ste. 501
Milwaukee, WI 53204
ဖုန်း- (877) 374-0511 ဖက်စ်- (414) 374-4655
ဝဘ်ဆိုက်- wifacets.org

**ဒေသ 5 မိဘ TA စင်တာ**
PEAK Parent Center
611 N. Weber, Suite 200
Colorado Springs, CO 80903
ဖုန်း- (800) 284-0251 ဖက်စ်- (719) 931-9452
ဝဘ်ဆိုက်- region5ptac.org

**ဒေသ 6 မိဘ TA စင်တာ**
Matrix Parent Network & Resource Center
94 Galli Drive, Suite C
Novato, CA 94949
ဖုန်း- (415) 884-3535 ဖက်စ်- (415) 884-3555
ဝဘ်ဆိုက်- matrixparents.org

**မိဘ အချက်အလက်နှင့် ရင်းမြစ်များအတွက် စင်တာ (CPIR)**
35 Halsey St., 4th Floor
Newark, NJ 07102
ဖုန်း- (973) 642-8100 ဖက်စ်- (973) 642-8080
ဝဘ်ဆိုက်- parentcenterhub.org

## သင်၏ ဒေသတွင်း မိဘစင်တာ-

---

**CADRE** က အမေရိကန် ပြည်ထောင်စု ပညာရေးဌာန၊ အထူးပညာရေး အစီအစဉ်များဆိုင်ရာ ရုံး၊ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်အမှတ် **H326D080001** အောက်တွင် ဤစာရွက်စာတမ်းကို ထုတ်ဝေထားပါသည်။ စီမံကိန်း အရာရှိအဖြစ် **Tina Diamond, Ph.D.,** က တာဝန်ယူဆောင်ရွက်ပါသည်။ ဤနေရာတွင် ဖော်ပြထားသော ရှုထောင့်အမြင်များသည် ပညာရေးဌာန၏ ရပ်တည်ချက်များ သို့မဟုတ် မူဝါဒများကို အတိအကျ ကိုယ်စားပြုခြင်း မရှိပါ။ ဤစာအုပ်ထဲတွင် ဖော်ပြထားသော မည်သည့် ထုတ်ကုန်၊ အသုံးအဆောင်၊ ဝန်ဆောင်မှု သို့မဟုတ် လုပ်ငန်းတစ်ခုခုကိုမျှ အမေရိကန် ပြည်ထောင်စု ပညာရေးဌာနက တရားဝင် ထောက်ခံချက်ပေးရန် ရည်ရွယ်ခြင်းမရှိပါ သို့မဟုတ် ယင်းသို့ကောက်ချက်မချသင့်ပါ။ ဤထုတ်ကုန်သည် အများနှင့်သက်ဆိုင်သော အရာဖြစ်ပါသည်။ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ တစ်အုပ်လုံးကိုဖြစ်စေ ပြန်လည် ထုတ်ဝေခွင့် ပြုသည်။ ဤစာအုပ်ကို ပြန်လည်ပုံနှိပ်ထုတ်ဝေရန်အတွက် ခွင့်ပြုချက် မလိုအပ်သော်လည်း အောက်ပါအတိုင်း ကိုးကားချက် ထည့်ပေးသင့်ပါသည်- **CADRE (2014)။ IDEA** အထူးပညာရေးဆိုင်ရာ ဖြေရှင်းမှု အစည်းအဝေးများ၊ **Eugene၊ Oregon၊ CADRE။** ဤစာအုပ်တွင် ပြင်ပအဖွဲ့အစည်းများ ပြုလုပ်ပြီး ထိန်းသိမ်းထားသော ဟိုက်ပါလင့်ခ်များနှင့် **URL** များလည်း ပါဝင်ပြီး စာဖတ်သူများ အဆင်ပြေစေရန်အတွက် ပံ့ပိုးပေးထားခြင်း ဖြစ်ပါသည်။ ဤအချက်အလက်များ၏ မှန်ကန်တိကျမှုအတွက် ဌာနတွင် တာဝန်မရှိပါ။ ဤစာအုပ်တွင် ပါဝင်သော အကြောင်းအရာအချို့ကို မိဘ စင်တာများအတွက် **Technical Assistant ALLIANCE** နှင့်အတူ ယခင်က ပူးတွဲစီစဉ်ရေးသားခဲ့ပါသည်။ ထုတ်ဝေသည့် ရက်စွဲ- ဇန်နဝါရီလ **2014**။